# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃ - ၃ - ၂၀၁၅ ]

# (တနင်္လာနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး လူနေမှုအဆင့်အတန်း နိမ့်ကျလျက်ရှိသည့် နယ်စပ်ကျေးလက် တောတောင်ဒေသနှင့် ပြည်မကျေးလက် တောရွာဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာစီမံချက် (Master Plan for Multi-Settorial Economic Development of Rural and Less-development Areas in Myanmar) ဆောင်ရွက်သည့် အစီအစဉ် ရှိ/မရှိ သို့မဟုတ် ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)၏ **မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကံစွယ်ကျေးရွာနှင့် ကပ်ကျေးအင်းကျေးရွာတို့အတွက် လျှပ်စစ်မီးလင်းရေး ရန်ပုံငွေ မပါဝင်သောကြောင့် လိုအပ်သည့် ရန်ပုံငွေကို ချထားပေးနိုင်ခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဝေးလံခေါင်းပါးသော မြို့နယ်ဆေးရုံမှ ခရိုင်ဆေးရုံ၊ ပြည်နယ်ဆေးရုံများသို့ အရေးပေါ်လူနာလွှဲပြောင်းပေးပို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လိုက်ပါသွားရသော ကျန်းမာရေးဝန်ထမ်းများ၏ အသွား၊ အပြန်ခရီးစရိတ်အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဟိုင်းဒေသတွင် တိုက်နယ်ဆေးရုံ တစ်ရုံဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မွေးကင်းစကလေးသူငယ်များကို မွေးကင်းစကလေး မှတ်ပုံတင်ခြင်း (Birth Registration) နှင့် မွေးလက်မှတ် (Birth Certificate) ထုတ်ပေးခြင်းများကို မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဒီမိုကရေစီပညာရေး စစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ကို ထုတ်လွှင့်ပြသခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။